# အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ

## မှတ်ပုံတင်အမှတ် - ၁၀၀၄၅၆၁၂၅

*၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်*

*<u>စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ</u>*

**ခင်စုဌေးနှင့် အဖွဲ့လီမိတက်**

**လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ**

**အမတဟပိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ မှတ်ပုံတင်အမှတ် - ၁၀၀၄၅၆၁၂၅**

---

၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ *ကုန်ဆုံးသောနှစ်အတွက်*
*စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ*

**မာတိကာ**


| | |
|---|---|
| | **စာမျက်နှာ** |
| ဒါရိုက်တာများ၏တာဝန်ဖော်ပြချက် | ၁ |
| လွတ်လပ်သောပြင်ပစာရင်းစစ်၏အစီရင်ခံစာ | ၂-၆ |
| ဘဏ္ဍာရေးအခြေအနေပြစုပေါင်းရှင်းတမ်း | ၇ |
| ဝင်ငွေအလုံးစုံပါဝင်သောစုပေါင်းရှင်းတမ်း | ၈-၉ |
| အစုရှယ်ယာရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုစုပေါင်းရှင်းတမ်း | ၁၀ |
| ငွေသားစီးဆင်းမှုစုပေါင်းရှင်းတမ်း | ၁၁ |
| စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများ | ၁၂-၄၃ |

**အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ**

**၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်**

**ဒါရိုက်တာများ၏ တာဝန်ဖော်ပြချက်**

အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ၏ ဒါရိုက်တာများသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြစုပေါင်းရှင်းတမ်း၊ ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောစုပေါင်းရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှု စုပေါင်းရှင်းတမ်း၊ ငွေသားစီးဆင်းမှုစုပေါင်းရှင်းတမ်း၊ အရေးပါသည့်စာရင်းကိုင်မူဝါဒများနှင့် အခြားရှင်းလင်းချက် များအကျဉ်းချုပ်ပါဝင်သော ဘဏ္ဍာရေးမှတ်စုများကို နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းစံများ (IFRS)နှင့် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ ("ဥပဒေ") ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြင်ဆင်ရေးဆွဲရန် တာဝန်ရှိပါသည်။ ထို့အပြင် လိမ်လည်မှု၊ မှားယွင်းမှုကြောင့် ဖြစ်ပေါ်လာသော အရေးပါသည့် မှားယွင်းဖော်ပြချက်များမှ ကင်းစင်သည့် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို ပြင်ဆင်ရေးဆွဲနိုင်စေရန် ဒါရိုက်တာများမှ လိုအပ်သောဌာနတွင်းကြီးကြပ်ကွပ်ကဲမှု အစီအစဉ်များကိုချမှတ်ရန်အတွက်လည်း တာဝန်ရှိပါသည်။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၂၀၁၇ ("ဥပဒေ") ပါ ပြဋ္ဌာန်းချက်များအရ ဒါရိုက်တာများသည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အချိန်တိုင်းတွင် လုပ်ငန်းစု၏အခြေအနေကို သင့်တင့်လျောက်ပတ်စွာဖော်ပြထားသော ဘဏ္ဍာရေးရှင်းတမ်းများနှင့် ၎င်းနှစ်၏လုပ်ငန်းဆောင်ရွက်မှုရလဒ်များကို ပြင်ဆင်ရေးဆွဲရန် တာဝန်ရှိပါ သည်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ (၂၅၈) နှင့် ပုဒ်မ(၂၆၁) တို့အရ ဘဏ္ဍာရေးအခြေအနေပြစုပေါင်းရှင်းတမ်းကို သင့်လျော်မှန်ကန်စွာ ဖော်ပြသည့်စာရင်းမှတ်တမ်းများကို ထိန်းသိမ်းရန်မှာ ဒါရိုက်တာများ၏ တာဝန်ဖြစ်ပါသည်။ ထို့ပြင် လုပ်ငန်းစု၏ပိုင်ဆိုင်မှုများကို ထိန်းသိမ်းကာကွယ်ရန်နှင့် လိမ်လည်မှုများ၊ အခြားမသမာမှုများကို တားဆီးရန်နှင့် ရှာဖွေဖော်ထုတ်ရန်အတွက်လည်း တာဝန်ရှိပါသည်။

ကုမ္ပဏီ၏ဒါရိုက်တာများသည် လုပ်ငန်းဆက်လက်လုပ်ဆောင်နိုင်မှုအပေါ် အကဲဖြတ်မှုပြုလုပ်ထားပြီး ဤရှင်းတမ်းထုတ်ပြန်သည့်ရက်မှစ၍ လာမည့်၁၂လအတွင်း လုပ်ငန်းစုသည် ဆက်လက်လုပ်ကိုင်နိုင်မည်မဟုတ်ဟု ယုံကြည်ရန် အကြောင်းပြချက်မရှိပါ။

ကုမ္ပဏီဒါရိုက်တာများအဖွဲ့သည် ဤဘဏ္ဍာရေးရှင်းတမ်းများကို ထုတ်ပြန်ရန်အတွက် ဤထုတ်ပြန်ချက်ထုတ်သည့် နေ့တွင် ခွင့်ပြုပါသည်။

ကုမ္ပဏီဒါရိုက်တာများအဖွဲ့ကိုယ်စား

| | |
|---|---|
| ------------------------------------------ | ------------------------------------------ |
| ဦးဝင်းအောင် | ဒေါ်နေမြတ်သူအောင် |
| မန်နေဂျင်းဒါရိုက်တာ | ဒါရိုက်တာ |
| အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော | အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော |
| ကုမ္ပဏီလီမိတက် | ကုမ္ပဏီလီမိတက် |
| နေ့စွဲ ။ ။ ၂၀၂၄ ခုနှစ်၊ဇွန်လ(၂၈)ရက် | နေ့စွဲ ။ ။ ၂၀၂၄ ခုနှစ်၊ဇွန်လ(၂၈)ရက် |

KHIN SU HTAY & ASSOCIATES LIMITED
Certified Public Accountants
(Company Registration Number: 100124548)
# C-1 / 005, Ground Floor, Hninnsi Street, Yuzana Highway Complex,
Narnat Taw Road, Kamayut Township, Yangon, Myanmar
Email: thantint@kshal.com
Tel: (95-09) 422953862, 422953863

## ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ၏ အစုရှယ်ယာရှင်များသို့ လွှတ်လပ်သော ပြင်ပစာရင်းစစ်၏ အစီရင်ခံစာ

### ခြွင်းချက်ပြုထားသောစာရင်းစစ်ထင်မြင်ယူဆချက်

ကျွန်တော်များ စာရင်းစစ်အဖွဲ့သည် အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ")နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ ("ကုမ္ပဏီအုပ်စု") ၏ ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြစုပေါင်းရှင်းတမ်း၊ ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောစုပေါင်းရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုစုပေါင်းရှင်းတမ်း၊ ငွေသားစီးဆင်းမှုစုပေါင်းရှင်းတမ်းနှင့် အရေးပါသောစာရင်းကိုင်မူဝါဒများနှင့် အခြားရှင်းလင်းချက်များ အကျဉ်းချုပ်ပါဝင်သော ဘဏ္ဍာရေးမှတ်စုများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ထင်မြင်ယူဆချက်မှာ ခြွင်းချက်ပြုထားသောထင်မြင်ယူဆချက်ပေးရန်အခြေခံအချက်များအပိုဒ်တွင် ဖော်ပြထားသောအချက်များမှအပ ကုမ္ပဏီအုပ်စု၏ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများသည် ၂၀၂၄ခုနှစ်၊ မတ်လ ၃၁ရက်နေ့ကုန်ဆုံးသောဘဏ္ဍာရေးရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုရလဒ်များ၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်းနှင့် ငွေသားစီးဆင်းမှုရှင်းတမ်းများကို နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ(IFRS)နှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ("ဥပဒေ") ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပ်လျဥ်းသည့် အရေးပါသောအချက်များအားလုံးကို သင့်တင့်လျောက်ပတ်စွာဖော်ပြရေးဆွဲထားသည်ဟု ထင်မြင်ယူဆပါသည်။

### ခြွင်းချက်ပြုထားသောထင်မြင်ယူဆချက်ပေးရန်အခြေခံအချက်များ

ကျွန်တော်များ၏ စာရင်းစစ်ဆေးရာတွင် အောက်ပါတို့ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အမတအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်တို့သည် ၂၀၁၆ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် "Amata Resort and Spa (Andaman)" ၏ မြေငှားစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။

အဆိုပါမြေငှားစာချုပ်အရ စာချုပ်ပါလုပ်ငန်းများကိုဆောင်ရွက်ရာတွင် တဆင့်ငှားရမ်းခြင်း၊ အခြားသော လူပုဂ္ဂိုလ်/အဖွဲ့အစည်းတခုခုသို့ လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရဟု အတိအလင်းဖော်ပြထားသည်။

ကုမ္ပဏီအုပ်စု၏စီမံအုပ်ချုပ်သူများ၏ရည်ရွယ်ချက်မှာ အဆိုပါမြေယာအား အမတအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မှ ယူနိုက်တက်အင်တာနေရှင်နယ်ဂရု(ပ်)လီမိတက်သို့ တဆင့်ပြန်လည်ငှားရမ်းရန်ဖြစ်ပါသည်။ ထိုသို့တဆင့်ပြန်လည်ငှားရမ်းရန် အမတအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်သည် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ထံသို့ တဆင့်ပြန်လည်အငှားချထားမှု ခွင့်ပြုမိန့်ကို တောင်းခံထားဆဲဖြစ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တဆင့်ပြန်လည်အငှားချထားမှု ခွင့်ပြုမိန့်ကို ယခုအစီရင်ခံစာထုတ်ပြန်သည့်အချိန်ထိ မရရှိသေးပါ။

အထက်ပါအခြေအနေများအရ ကျွန်တော်များအဖွဲ့သည် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများတွင် အောက်ပါအချက်များကို အစီရင်ခံတင်ပြအပ်ပါသည်။

**မှတ်စု (၅) ပုံသေပိုင်ပစ္စည်း**

အထက်ဖော်ပြပါငှားရမ်းမြေပေါ်တွင် ဆောက်လုပ်ထားသော Amata Resort and Spa (Andaman) ဟိုတယ်၏ ၂၀၂၄ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ရှိ အသားတင်တန်ဖိုးငွေကျပ် ၃,၉၆၇,၄၆၈,၇၁၅ သည် ဟိုတယ်၏ပုံသေပိုင်စာရင်းလက်ကျန်တွင်ပါဝင်ပြီး ၎င်း၏ နှစ်အတွင်းတန်ဖိုးလျော့ လျာထားးစရိတ်မှာ ကျပ် ၆၈,၈၉၉,၆၀၁ ဖြစ်ပါသည်။ တဆင့်ပြန်လည်ငှားရမ်းခြင်းစာချုပ်အထောက်အထားကို မရရှိခဲ့ခြင်းကြောင့် အဆိုပါငှားရမ်းမြေပေါ်တွင် ဆောက်လုပ်ထားသော ဟိုတယ်၏လုပ်ငန်းဆောင်ရွက်ခွင့်ကို အတည်ပြုနိုင်ခြင်းမရှိခဲ့ပါ။

**မှတ်စု (၇) မြေနှင့် အဆောက်အဦး အသုံးပြုခွင့်**

ဘဏ္ဍာရေးအခြေအနေပြစုပေါင်းရှင်းတမ်းတွင် မြေနှင့်အဆောက်အဦးအသုံးပြုခွင့် စာရင်းလက်ကျန်တန်ဖိုးငွေ ကျပ် ၄၂၉,၇၆၇,၈၄၃ ပါဝင်နေပြီး ၎င်း၏ နှစ်အတွင်းတန်ဖိုးလျော့လျာထားစရိတ်မှာ ကျပ် ၆,၉၃၁,၇၃၉ ဖြစ်ပါသည်။ စာရင်းစစ်ဆေးနေစဉ်ကာလအတွင်း ကုမ္ပဏီအုပ်စု၏လက်အောက်ခံကုမ္ပဏီဖြစ်သည့် ယူနိုက်တက်အင်တာနေရှင်နယ်ဂရု(ပ်)လီမိတက်နှင့် ချုပ်ဆိုထားသော မြေငှားရမ်းခြင်းသဘောတူညီမှုစာချုပ်ကို မရရှိသောကြောင့် အဆိုပါမြေများကို တိုက်ရိုက်အသုံးပြုခွင့်/အငှားချခြင်းအတွက်ခွင့်ပြုချက်၊ မြေယာအသုံးပြုမှု ဆောက်လုပ်ရေးခွင့်ပြုချက်၊ လုပ်ပိုင်ခွင့်နှင့်တာဝန်များ၊ ငှားရမ်းမှုကာလ၊ နှစ်စဉ်ငှားရမ်းခများ အစရှိသည်တို့ကို အတည်ပြုသုံးသပ်နိုင်ခြင်းမရှိခဲ့ပါ။

**မှတ်စု (၂၂) မြေနှင့် အဆောက်အဦး အသုံးပြုခွင့်အတွက်ပေးရန်တာဝန်**

ဘဏ္ဍာရေးအခြေအနေပြစုပေါင်းရှင်းတမ်းတွင် မြေနှင့်အဆောက်အဦးအသုံးပြုခွင့်အတွက် လက်ကျန်ပေးရန်တာဝန် တန်ဖိုးငွေ ကျပ် ၄၆၁,၁၈၆,၁၉၀ ပါဝင်နေပြီး ၎င်း၏ နှစ်အတွင်းချေးငွေအပေါ်အတိုးစရိတ်မှာ ကျပ် ၅၉,၉၈၁,၅၃၁ ဖြစ်ပါသည်။ စာရင်းစစ်ဆေးနေစဉ်ကာလအတွင်း ကုမ္ပဏီအုပ်စု၏လက်အောက်ခံကုမ္ပဏီဖြစ်သည့် ယူနိုက်တက်အင်တာနေရှင်နယ်ဂရု(ပ်) လီမိတက်နှင့် ချုပ်ဆိုထားသော မြေငှားရမ်းခြင်းသဘောတူညီမှုစာချုပ်ကို မရရှိသောကြောင့် အဆိုပါမြေများကို တိုက်ရိုက်အသုံးပြုခွင့်/အငှားချခြင်းအတွက် ခွင့်ပြုချက်၊ မြေယာအသုံးပြုမှု ဆောက်လုပ်ရေးခွင့်ပြုချက်၊ လုပ်ပိုင်ခွင့်နှင့်တာဝန်များ၊ ငှားရမ်းမှုကာလ၊ နှစ်စဉ်ငှားရမ်းခများ အစရှိသည်တို့ကို အတည်ပြုသုံးသပ်နိုင်ခြင်းမရှိခဲ့ပါ။

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စာရင်းစစ်ဆေးမှုများကိုဆောင်ရွက်ခဲ့ပါသည်။ အဆိုပါစံများအရ ကျွန်တော်များအဖွဲ့၏ တာဝန်များကို ဤအစီရင်ခံစာ၏စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းစစ်ဆေးခြင်းအတွက် စာရင်းစစ်၏တာဝန်ကဏ္ဍတွင် ထပ်မံဖော်ပြထားပါသည်။ ကျွန်တော်များသည် မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးရှင်းတမ်းများကို စာရင်းစစ်ဆေးခြင်းနှင့် သက်ဆိုင်သည့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့်အညီ ကုမ္ပဏီအုပ်စုနှင့် သီးခြားလွတ်လပ်စွာရပ်တည်ခဲ့ပြီး ကျွန်တော်များအဖွဲ့အနေဖြင့် အခြားသောကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ခဲ့ပါသည်။ ကျွန်တော်များအဖွဲ့ရရှိခဲ့သော စာရင်းစစ်အထောက်အထားများသည် စာရင်းစစ်ထင်မြင်ယူဆချက်ပေးရန် အခြေခံအချက်များအတွက် လုံလောက်သင့်လျော်မှုရှိသည်ဟု ယုံကြည်ပါသည်။

**စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအတွက် စီမံအုပ်ချုပ်သူများ၏တာဝန်**

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ (IFRS) နှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြုစုပြီး သင့်လျော်မှန်ကန်စွာပြင်ဆင်ရေးဆွဲရန်နှင့် လိမ်လည်မှု၊ မှားယွင်းဖော်ပြမှုတို့ကြောင့် အရေးပါသော လွဲမှားဖော်ပြမှုများမှကင်းရှင်းသော စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို ပြင်ဆင်ရေးဆွဲနိုင်စေရန် လိုအပ်သောဌာနတွင်း ကြီးကြပ်ကွပ်ကဲမှု အစီအစဉ်များကိုချမှတ်ရန်အတွက်လည်း စီမံအုပ်ချုပ်သူများတွင် တာဝန်ရှိပါသည်။

KSHAL
Moving Forward With Wise Attention

**KHIN SU HTAY & ASSOCIATES LIMITED**
**Certified Public Accountants**
**(Company Registration Number: 100124548)**
**# C-1 / 005, Ground Floor, Hninnsi Street, Yuzana Highway Complex,**
**Narnat Taw Road, Kamayut Township, Yangon, Myanmar**
**Email: thantint@kshal.com**
**Tel: (95-09) 422953862, 422953863**

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို ပြင်ဆင်ရေးဆွဲရာတွင် စီမံအုပ်ချုပ်သူများသည် ကုမ္ပဏီအုပ်စုကိုဖျက်သိမ်းရန် သို့မဟုတ် လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းရန် ရည်ရွယ်မှုမရှိလျှင် သို့မဟုတ် ထိုသို့လုပ်ဆောင်ရန်မှလွဲ၍ လက်တွေ့ကျသော အခြားရွေးချယ်စရာမရှိမှုမရှိလျှင် ကုမ္ပဏီအုပ်စု၏ ဆက်လက်လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်ခြင်း၊ ဆက်လုပ်ဆောင်နိုင်မှုအခြေအနေနှင့် ပတ်သက်သည့်ကိစ္စများကို ထုတ်ဖော်ခြင်းနှင့် ဆက်လက်လုပ်ဆောင်နိုင်မှုနှင့် သက်ဆိုင်သည့် စာရင်းကိုင်မူများကို အသုံးပြုခြင်းတို့သည် စီမံအုပ်ချုပ်သူများ၏တာဝန် ဖြစ်ပါသည်။

စီမံခန့်ခွဲကြီးကြပ်သူများ၏တာဝန်သည် ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအစီရင်ခံခြင်းလုပ်ငန်းစဉ်ကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိပါသည်။

**စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို စာရင်းစစ်ဆေးခြင်းအတွက် စာရင်းစစ်၏ တာဝန်**

ကျွန်တော်များ၏ရည်ရွယ်ချက်မှာ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများတစ်ခုလုံးသည် လိမ်လည်မှု၊မှားယွင်းမှုကြောင့် အရေးပါသော မှားယွင်းစွာ ဖော်ပြမှုများမှ ကင်းရှင်းကြောင်း၊ ကျိုးကြောင်းဆီလျော်သော ခိုင်လုံသေချာမှုရရှိရန် နှင့် ကျွန်တော်များ၏ စာရင်းစစ်ထင်မြင်ယူဆချက်ပါဝင်သော စာရင်းစစ်အစီရင်ခံစာကို ထုတ်ပြန်ရန်ဖြစ်ပါသည်။ ကျိုးကြောင်းဆီလျော်သော ခိုင်လုံသေချာမှုဆိုသည်မှာ မြင့်မားသောအဆင့် သေချာမှုဖြစ်သော်လည်း နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စာရင်းစစ်ဆေးရာတွင် တည်ရှိနေသော အရေးပါသည့် မှားယွင်းဖော်ပြချက်အား အမြဲတွေ့ရှိမည်ဟု အာမခံချက်ပေးခြင်းမဟုတ်ပါ။ မှားယွင်း ဖော်ပြမှုများသည် လိမ်လည်မှု၊ မှားယွင်းမှုတို့ကြောင့် ဖြစ်ပေါ်လာနိုင်ပြီး ယင်းမှားယွင်းဖော်ပြမှုများသည် တစ်ခုချင်းစီသော် လည်းကောင်းသို့မဟုတ် စုပေါင်း၍သော်လည်းကောင်း စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို အသုံးပြုသူများ၏ စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များအပေါ် ကျိုးကြောင်းဆီလျော်စွာ လွှမ်းမိုးနိုင်လျှင် အရေးပါသည်ဟု ယူဆပါသည်။

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စာရင်းစစ်ခြင်း၏တစ်စိတ်တစ်ပိုင်းအနေဖြင့် စာရင်းစစ်ဆေးမှုတစ်လျှောက် အတတ်ပညာနှင့်ယှဉ်သော စီစစ်အကဲဖြတ်သုံးသပ်ခြင်းကို ကျင့်သုံးရန်နှင့် အတတ်ပညာရှင်ဆိုင်ရာ သတိသမ္မဇဉ် ထားရှိရန်ဖြစ်ပါသည်။ ကျွန်တော်များသည်-

- လိမ်လည်မှု၊ မှားယွင်းမှုကြောင့် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ၏ အရေးပါသော မှားယွင်းဖော်ပြချက်များ၏ ဖြစ်ပေါ်နိုင်ခြေများကိုစီစစ်အကဲဖြတ်ခြင်း၊ ယင်းနှင့်ပတ်သက်၍တုံ့ပြန်နိုင်မည့် စာရင်းစစ်လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ဆောင်ရွက်ခြင်း၊ စာရင်းစစ်ထင်မြင်ယူဆချက်ပေးရန် ပြည့်စုံလုံလောက်သော စာရင်းစစ်အထောက်အထားများကို ရယူခြင်းတို့ကို ဆောင်ရွက်ပါသည်။ လိမ်လည်မှုကြောင့်ဖြစ်ပေါ်သော အရေးပါသည့်မှားယွင်းဖော်ပြချက်များကို ဖော်ထုတ်မှုမပြုနိုင်ခြင်းသည် မှားယွင်းမှုတစ်ခုကိုမဖော်ထုတ်ခြင်းထက် ပိုမိုအန္တရာယ်ရှိပါသည်။ အကြောင်းအရင်းမှာ လိမ်လည်မှုတွင် ပူးပေါင်းကြံစည်ခြင်း၊ အတုပြုလုပ်ခြင်း၊ ရည်ရွယ်ချက်ရှိရှိ ထိန်ချန်ထားခြင်း၊ လွဲမှားထွက်ဆိုခြင်း သို့မဟုတ် ဌာနတွင်းကြီးကြပ်မှုစနစ်ကို ချိုးဖောက်ခြင်းတို့ ပါဝင်နိုင်သောကြောင့်ဖြစ်ပါသည်။
- အခြေအနေနှင့် သင့်လျော်သော စာရင်းစစ်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန်အလို့ငှာ ဌာနတွင်းကြီးကြပ်မှုစနစ်ကို ထည့်သွင်းစဉ်းစားသော်လည်း ကုမ္ပဏီအုပ်စု၏ ဌာနတွင်း ကြီးကြပ်မှုစနစ် ထိရောက်မှုအပေါ် စာရင်းစစ်ထင်မြင်ယူဆချက်ပေးရန် မဟုတ်ပါ။
- စီမံအုပ်ချုပ်သူများမှ ဆောင်ရွက်သောစာရင်းခန့်မှန်းခြေများနှင့် ထုတ်ဖော်တင်ပြချက်များ၏ ကျိုးကြောင်းဆီလျော်မှုနှင့် အသုံးပြုထားသော စာရင်းဆိုင်ရာမူဝါဒများ၏ သင့်လျော်မှုကို အကဲဖြတ်ဆောင်ရွက်ပါသည်။
- စီမံအုပ်ချုပ်သူများမှ အသုံးပြုသည့် လုပ်ငန်းဆက်လက်လုပ်ဆောင်မှု စာရင်းအခြေခံမှု၏ သင့်လျော်မှုနှင့် ရယူထားသော စာရင်းစစ်အထောက်အထားများပေါ် မူတည်၍ ကုမ္ပဏီအုပ်စုအနေဖြင့် လုပ်ငန်းဆက်လက်လုပ်ဆောင်နိုင်မှုအပေါ် ထင်ရှားသောသံသယများ ဖြစ်စေနိုင်သည့် အရေးပါသော မသေချာသည့် အဖြစ်အပျက်အခြေအနေ ရှိ/ မရှိ ကိုသုံးသပ်ပါသည်။ အရေးပါသော မသေချာသည့် အခြေအနေရှိခဲ့သည်ဟု သုံးသပ်ပါက ကျွန်တော်များအနေဖြင့် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများတွင် ဖော်ပြထားသောအဆိုပါထုတ်ဖော်ချက်အား စာရင်းစစ်အစီရင်ခံစာတွင် ရည်ညွှန်းဖော်ပြရန်လိုအပ်

ပါသည်။ အကယ်၍ အဆိုပါစုပေါင်းဘဏ္ဍာရေးရှင်းတမ်းများတွင် ဖော်ပြထားသော ထုတ်ဖော်ချက်များသည် လုံလောက်မှုမရှိပါက ကျွန်တော်များ၏ စာရင်းစစ်အစီရင်ခံစာအား ပြင်ဆင်ရန်လိုအပ်ပါသည်။ ကျွန်တော်များ၏ သုံးသပ်ချက်သည် စာရင်းစစ်အစီရင်ခံစာထုတ်ပြန်သည့်နေ့အထိ ရရှိထားသော စာရင်းစစ်အထောက်အထားများအပေါ် အခြေခံပါသည်။ သို့သော် အနာဂတ်အဖြစ်အပျက် သို့မဟုတ် အခြေအနေများသည် ကုမ္ပဏီအုပ်စုအား လုပ်ငန်း ဆက်လက်လုပ်ဆောင်မှုကို ရပ်စဲရန် ဖြစ်ပေါ်စေနိုင်ပါသည်။

- စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ၏ ထုတ်ဖော်ပြသချက်များအပါအဝင် ယေဘုယျတင်ပြမှု၊ ဖွဲ့စည်းမှု၊ ပါဝင်သော အကြောင်းအရာများနှင့် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများသည် အခြေခံလုပ်ဆောင်ချက်များနှင့် အဖြစ်အပျက်များကို သင့်လျော်သည့်ပုံစံဖြင့် တင်ပြထားခြင်း ရှိမရှိ တို့ကို သုံးသပ်ပါသည်။
- စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ်တွင် စာရင်းစစ်ထင်မြင်ယူဆချက်ကို ဖော်ပြနိုင်ရန်အတွက် ကုမ္ပဏီအုပ်စု အတွင်းရှိ အဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုများ၏ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်းသည့် လုံလောက်သင့်လျော်သော စာရင်းစစ်အထောက်အထားများရယူပါသည်။ ကုမ္ပဏီအုပ်စုကို စာရင်းစစ်ဆေးခြင်း အတွက် လမ်းညွှန်မှု၊ ကြီးကြပ်မှုနှင့် လုပ်ဆောင်မှုများအတွက် ကျွန်တော်များအဖွဲ့တွင် တာဝန်ရှိပါသည်။ ကျွန်တော်များ ၏ စာရင်းစစ် ထင်မြင်ယူဆချက်အတွက် ကျွန်တော်များအဖွဲ့တွင်သာ တာဝန်ရှိပါသည်။

ကျွန်တော်များသည် ဌာနတွင်းကြီးကြပ်မှုစနစ်၏ အရေးပါသောအားနည်းချက်များ အပါအဝင် စာရင်းစစ်ဆေးမည့်နယ်ပယ်နှင့် အချိန်အတိုင်းအတာ၊ အရေးပါသောစာရင်းစစ်ဆေးတွေ့ရှိချက်များ၊ အခြားကိစ္စရပ်များစသည့်တို့နှင့် စပ်လျဉ်း၍ စီမံခန့်ခွဲမှု ကြီးကြပ်သူများနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်။

ကျွန်တော်များသည် အမှီအခိုကင်းခြင်းနှင့်ပတ်သက်၍ သက်ဆိုင်သောကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များကို လိုက်နာ ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ကျွန်တော်များ၏ အမှီအခိုကင်းခြင်းအပေါ် သက်ရောက်မှုရှိနိုင်သည်ဟု ကျိုးကြောင်း ဆီလျော်စွာ ယူဆနိုင်သည့်ဆက်ဆံရေးများ၊ အခြားကိစ္စရပ်များအားလုံးနှင့် လိုအပ်ပါက ကျွန်တော်များ၏ အမှီအခိုကင်းခြင်းအပေါ် အကာအကွယ်ပြုလုပ်ထားမှုများကို ဆက်သွယ်ဆောင်ရွက်ရန်အတွက် တင်ပြချက်တစ်စောင်ကို စီမံခန့်ခွဲမှုကြီးကြပ်သူများသို့ ပေးပို့ပါသည်။

**KHIN SU HTAY & ASSOCIATES LIMITED**
**Certified Public Accountants**
**(Company Registration Number: 100124548)**

**# C-1 / 005, Ground Floor, Hninnsi Street, Yuzana Highway Complex,**
**Narnat Taw Road, Kamayut Township, Yangon, Myanmar**
**Email: thantint@kshal.com**
**Tel: (95-09) 422953862, 422953863**

**အခြားဥပဒေနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ လိုအပ်ချက်များအပေါ် အစီရင်ခံခြင်း**

ကျွန်ုပ်တို့၏ သဘောထားအမြင်အရ၊ ကျွန်ုပ်တို့သည် အောက်ပါတို့ကို ထပ်မံတင်ပြပါသည်-

(က) ကုမ္ပဏီအုပ်စုသည် ဥပဒေပုဒ်မ ၂၅၈ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ ထားရှိရမည့် သင့်တော်သည့် မှတ်တမ်းများကို ထိန်းသိမ်းထားရှိပါသည်။

(ခ) ဥပဒေပုဒ်မ ၂၈၀ ပုဒ်မ ခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) ပါပြဋ္ဌာန်းချက်များနှင့်အညီ
- လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းဖော်ပြချက်များ ရရှိခဲ့ပါသည်။
- ဘဏ္ဍာရေးရှင်းတမ်းများကို ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာရေးဆွဲထားပါသည်။

ဦးသန်းတင့်
စီပီအေ (ပီအေပီပီ – ၁၀၃)
မန်နေဂျင်းဒါရိုက်တာ
ခင်စုဌေးနှင့် အဖွဲ့လီမိတက်
လက်မှတ်ရပြည်သူ့စာရင်းကိုင်များ

ရန်ကုန်
နေ့စွဲ ။ ။ 28 JUN 2024

## အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ

## ၂၀၂၄ ခုနှစ် ၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြစုပေါင်းရှင်းတမ်း

| | မှတ်စု | ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ် | ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက် ကျပ် |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| **လက်ငင်းမဟုတ်သောရပိုင်ခွင့်များ** | | | |
| ပုံသေပိုင်ပစ္စည်း | ၅ | ၄၈,၁၇၁,၃၅၄,၁၇၉ | ၅၀,၆၉၅,၇၁၈,၂၀၂ |
| ထိတွေ့ကိုင်တွယ်၍မရသောပိုင်ဆိုင်ပစ္စည်းများ | ၆ | ၁၈,၅၆၁,၂၆၉ | ၃၉,၂၁၈,၆၈၄ |
| မြေနှင့်အဆောက်အဦးအသုံးပြုခွင့် | ၇ | ၁,၀၄၁,၃၀၀,၄၃၈ | ၁,၂၃၅,၃၅၄,၇၃၉ |
| | | **၄၉,၂၃၁,၂၁၅,၈၈၆** | **၅၁,၉၇၀,၂၉၁,၆၂၅** |
| **လက်ငင်းရပိုင်ခွင့်များ** | | | |
| ကုန်လက်ကျန်များ | ၈ | ၁၁၀,၀၁၁,၁၄၈ | ၁၁၇,၀၂၁,၈၈၃ |
| ရရန်ရှိစာရင်း | ၉ | ၄၈,၀၀၅,၈၄၄ | ၈၈,၅၀၁,၂၂၆ |
| စရန်ငွေများနှင့် ကြိုတင်ပေးချေထားသော စာရင်းများ | ၁၀ | ၃၃,၅၆၆,၆၃၂ | ၆၄,၉၀၁,၉၇၈ |
| ကြိုတင်ခွန်များ | ၁၁ | ၁၅,၅၅၈,၂၀၈ | ၂၅,၅၅၈,၈၉၈ |
| ပတ်သက်ဆက်နွယ်သူများထံမှရရန်ရှိများ | ၁၂ | ၃၉,၇၆၈,၈၈၀ | - |
| ငွေသားနှင့်ငွေသားညီမျှခြင်းလက်ကျန်များ | ၁၃ | ၃၁,၄၉၄,၃၄၂ | ၁၇၄,၆၄၀,၁၅၀ |
| | | **၂၇၈,၄၀၅,၀၅၄** | **၄၇၀,၆၂၄,၁၃၅** |
| **စုစုပေါင်းရပိုင်ခွင့်များ** | | **၄၉,၅၀၉,၆၂၀,၉၄၀** | **၅၂,၄၄၀,၉၁၅,၇၆၀** |
| **ရှယ်ယာရှင်များ၏ပိုင်ဆိုင်ခွင့်များနှင့်ပေးရန်တာဝန်များ** | | | |
| အစုရှယ်ယာမတည်ရင်းနှီးငွေ | ၁၄ | ၃,၄၈၇,၉၉၀,၀၀၀ | ၃,၄၈၇,၉၉၀,၀၀၀ |
| အမြတ်လက်ကျန်များ | | ၇,၈၃၃,၂၂၉,၉၅၁ | ၁၃,၁၁၆,၉၁၁,၈၅၈ |
| ထိန်းချုပ်နိုင်မှုမရှိသော ပိုင်ဆိုင်မှုများ (Non controlling interest) | | ၈၀၄,၇၄၆,၀၇၄ | ၉၆၄,၄၉၀,၂၁၈ |
| | | **၁၂,၁၂၅,၉၆၆,၀၂၅** | **၁၇,၅၆၉,၃၉၂,၀၇၆** |
| **လက်ငင်းပေးရန်တာဝန်များ** | | | |
| ပေးရန်တာဝန်များ | ၁၅ | ၉,၁၄၅,၁၀၇,၅၉၄ | ၅,၉၄၂,၃၃၈,၈၉၃ |
| ပေးရန်ရှိအခွန်များ | ၁၆ | ၁၁၁,၉၀၁,၇၉၁ | ၁၀၆,၆၃၆,၀၇၈ |
| ပေးရန်ရှိအသုံးစရိတ်များ | ၁၇ | ၈၈၃,၆၃၀,၇၆၂ | ၈၁၀,၉၅၆,၄၈၁ |
| ကြိုတင်ရရှိထားသောစရန်ငွေများ | ၁၈ | ၅၇၂,၁၀၄,၅၂၅ | ၇၃၃,၈၇၉,၆၉၄ |
| အခြားပေးရန်ရှိများ | ၁၉ | ၇၇၆,၂၉၈,၈၈၁ | ၇၅၅,၆၃၅,၇၉၅ |
| ပတ်သက်ဆက်နွယ်သူများထံသို့ပေးရန်ရှိများ | ၂၀ | ၂,၂၇၉,၉၇၀,၈၃၇ | ၂,၇၂၁,၅၀၂,၇၁၆ |
| ကာလရှည်ချေးငွေများမှတစ်နှစ်အတွင်းပေးရန်တာဝန်များ | ၂၁ | ၁၂,၀၉၀,၇၅၀,၀၀၀ | ၈,၈၁၂,၆၅၀,၀၀၀ |
| မြေနှင့်အဆောက်အဦးအသုံးပြုခွင့်အတွက်ပေးရန်တာဝန် | ၂၂ | ၁,၃၆၃,၅၈၀ | ၃,၁၇၀,၉၁၄ |
| | | **၂၅,၈၆၁,၁၂၇,၉၇၀** | **၁၉,၈၈၆,၇၇၀,၅၇၁** |
| **လက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်များ** | | | |
| ကာလရှည်ချေးငွေများ | ၂၁ | ၁၀,၃၇၉,၂၅၀,၀၀၀ | ၁၃,၆၅၇,၃၅၀,၀၀၀ |
| မြေနှင့်အဆောက်အဦးအသုံးပြုခွင့်အတွက်ပေးရန်တာဝန် | ၂၂ | ၁,၁၄၃,၂၇၆,၉၄၅ | ၁,၃၂၇,၄၀၃,၁၁၃ |
| | | **၁၁,၅၂၂,၅၂၆,၉၄၅** | **၁၄,၉၈၄,၇၅၃,၁၁၃** |
| | | **၄၉,၅၀၉,၆၂၀,၉၄၀** | **၅၂,၄၄၀,၉၁၅,၇၆၀** |

---------------------------------------

ဦးဝင်းအောင်
မန်နေဂျင်းဒါရိုက်တာ
အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
နေ့စွဲ ။ ။ ၂၀၂၄ ခုနှစ်၊ဇွန်လ(၂၈)ရက်

---------------------------------------

ဒေါ်နေမြတ်သူအောင်
ဒါရိုက်တာ
အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
နေ့စွဲ ။ ။၂၀၂၄ ခုနှစ်၊ဇွန်လ(၂၈)ရက်

**အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ**

**ဝင်ငွေအလုံးစုံပါဝင်သောစုပေါင်းရှင်းတမ်း**

**၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်အတွက်**

| | မှတ်စု | ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ် | ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက် ကျပ် |
|---|---|---|---|
| ဝင်ငွေ | ၂၃ | ၂,၆၀၇,၈၆၄,၂၉၁ | ၃,၅၁၂,၃၀၆,၉၅၇ |
| ဝန်ဆောင်မှုအတွက်တိုက်ရိုက်ကုန်ကျစရိတ် | ၂၄ | (၁,၄၉၀,၉၈၇,၉၅၆) | (၁,၃၉၉,၁၃၂,၈၆၄) |
| **အကြမ်းအမြတ်** | | **၁,၁၁၆,၈၇၆,၃၃၅** | **၂,၁၁၃,၁၇၄,၀၉၃** |
| အခြားဝင်ငွေ | ၂၅ | ၇,၃၉၉,၁၄၃ | ၁,၈၈၀,၃၅၅,၆၈၇ |
| အရောင်းနှင့်ဈေးကွက်ရှာဖွေခြင်းကုန်ကျစရိတ် | ၂၆ | (၁၀၃,၇၉၈,၈၉၂) | (၉၆,၅၆၀,၃၁၉) |
| စီမံခန့်ခွဲမှုနှင့် အထွေထွေကုန်ကျစရိတ် | ၂၇ | (၁,၁၀၁,၅၈၈,၃၅၂) | (၂,၈၉၂,၃၉၉,၄၆၂) |
| အဆောက်အဦးမွမ်းမံထိန်းသိမ်းခြင်းအတွက်ကုန်ကျစရိတ် | ၂၈ | (၃၅၆,၃၇၉,၁၃၆) | (၃၄၁,၂၃၃,၅၈၆) |
| ရေခွန်၊ မီးခွန်နှင့် ဆီဖိုး | ၂၉ | (၃၂၂,၁၃၉,၁၇၄) | (၄၀၅,၁၂၄,၅၁၇) |
| စီးပွားရေးအဆောက်အဦးခွန် | | (၄,၀၁၂,၀၀၀) | (၄,၀၁၂,၀၀၀) |
| မြေငှားရမ်းခစရိတ် | | (၁၅,၂၅၀,၀၀၀) | (၁၄,၇၁၃,၃၃၄) |
| စာရင်းမှပယ်ဖျက်ခြင်း (ပုံသေပိုင်ပစ္စည်းနှင့် ကုန်လက်ကျန်) | | (၁,၀၀၂,၃၃၈) | (၂,၉၈၁,၇၄၂) |
| နိုင်ငံခြားငွေလဲလှယ်မှု ခြားနားချက်များ | ၃၀ | (၅၃,၇၃၈,၇၀၈) | (၄,၅၂၈,၁၅၁,၉၃၂) |
| | | **(၈၃၃,၆၃၃,၁၂၂)** | **(၄,၂၉၁,၆၄၇,၁၁၂)** |
| တန်ဖိုးလျော့များ | | (၁,၄၀၄,၈၃၁,၅၉၆) | (၁,၇၉၂,၀၁၂,၀၇၂) |
| | | **(၂,၂၃၈,၄၆၄,၇၁၈)** | **(၆,၀၈၃,၆၅၉,၁၈၄)** |
| အတိုးစရိတ် | ၃၁ | (၂,၉၀၈,၁၁၅,၄၈၁) | (၁,၈၆၃,၂၆၆,၂၄၀) |
| အခွန်မလျာထားမီ အသားတင်အရှုံး | | **(၅,၁၄၆,၅၈၀,၁၉၉)** | **(၇,၉၄၆,၉၂၅,၄၂၄)** |
| ဝင်ငွေခွန်စရိတ် | | - | - |
| ယခင်နှစ်များရှိ ကုန်သွယ်လုပ်ငန်းခွန် ပေးရန်တာဝန် လျာထားချက် လျော့နည်းခြင်းများ | | (၅၂,၄၉၂) | (၆၈,၁၆၃) |
| အခြေပစ္စည်းမှမြတ်စွန်းငွေ | | ၂၂,၁၂၅,၃၅၃ | ၁၅,၁၅၄,၆၉၇ |
| အခြေပစ္စည်းမှမြတ်စွန်းငွေအတွက် ကျသင့်အခွန် | | (၁,၄၂၆,၄၆၅) | (၈၉၅,၆၆၇) |
| **အသားတင်အရှုံး** | | **(၅,၁၂၅,၉၃၃,၈၀၃)** | **(၇,၉၃၂,၇၃၄,၅၅၇)** |
| အခြားဝင်ငွေအလုံးစုံ | | - | - |
| **ဘဏ္ဍာနှစ်အတွက်ဝင်ငွေအလုံးစုံ (အရှုံး)** | | **(၅,၁၂၅,၉၃၃,၈၀၃)** | **(၇,၉၃၂,၇၃၄,၅၅၇)** |

*ပူးတွဲပါရှိသော စာရင်းကိုင်မူဝါဒများနှင့် ရှင်းလင်းချက်မှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။*

**အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ**

**ဝင်ငွေအလုံးစုံပါဝင်သောစုပေါင်းရှင်းတမ်း**

**၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်အတွက်**

| | ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ် | ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက် ကျပ် |
|---|---|---|
| **အသားတင်အရှုံး ခွဲဝေမှု** | | |
| ကုမ္ပဏီ၏ရှယ်ယာရှင်များ၏ပိုင်ဆိုင်မှုများ | (၄,၉၆၇,၆၁၉,၄၆၁) | (၇,၉၂၂,၀၇၆,၀၀၄) |
| ထိန်းချုပ်နိုင်မှုမရှိသော ပိုင်ဆိုင်မှုများ | (၁၅၈,၃၁၄,၃၄၂) | (၁၀,၆၅၈,၅၅၃) |
| | **(၅,၁၂၅,၉၃၃,၈၀၃)** | **(၇,၉၃၂,၇၃၄,၅၅၇)** |
| **ဘဏ္ဍာနှစ်အတွက်ဝင်ငွေအလုံးစုံ (အရှုံး) ခွဲဝေမှု** | | |
| ကုမ္ပဏီ၏ရှယ်ယာရှင်များ၏ပိုင်ဆိုင်မှုများ | (၄,၉၆၇,၆၁၉,၄၆၁) | (၇,၉၂၂,၀၇၆,၀၀၄) |
| ထိန်းချုပ်နိုင်မှုမရှိသော ပိုင်ဆိုင်မှုများ | (၁၅၈,၃၁၄,၃၄၂) | (၁၀,၆၅၈,၅၅၃) |
| | **(၅,၁၂၅,၉၃၃,၈၀၃)** | **(၇,၉၃၂,၇၃၄,၅၅၇)** |
| **အစုရှယ်ယာတစ်စု၏အခြေခံအရှုံး** | (၄၇၃) | (၇၅၅) |

------------------------------------------

ဦးဝင်းအောင်
မန်နေဂျင်းဒါရိုက်တာ
အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
နေ့စွဲ ။ ။ ၂၀၂၄ ခုနှစ်၊ဇွန်လ(၂၈)ရက်

Amata Holding Public Co., Ltd.

------------------------------------------

ဒေါ်နေမြတ်သူအောင်
ဒါရိုက်တာ
အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
နေ့စွဲ ။ ။ ၂၀၂၄ ခုနှစ်၊ဇွန်လ(၂၈)ရက်

*ပူးတွဲပါရှိသော စာရင်းကိုင်မူဝါဒများနှင့် ရှင်းလင်းချက်မှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။*

## အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ
## အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုစုပေါင်းရှင်းတမ်း
## ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်အတွက်

| | အစုရှယ်ယာမတည်ရင်းနှီးငွေ | အမြတ်လက်ကျန်များ | စုစုပေါင်း | ထိန်းချုပ်နိုင်မှုမရှိသော ပိုင်ဆိုင်မှုများ | စုစုပေါင်း အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ |
|---|---|---|---|---|---|
| | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| **၂၀၂၂ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်** | ၃,၄၈၇,၉၉၀,၀၀၀ | ၂၀,၁၁၈,၄၁၃,၈၈၈ | ၂၃,၆၀၆,၄၀၃,၈၈၈ | ၉၇၅,၁၄၆,၇၆၉ | ၂၄,၅၈၁,၅၅၀,၆၅၇ |
| ယခင်နှစ်၏ စာရင်းညှိနှိုင်းချက် | - | ၁,၀၀၁,၁၇၃,၄၇၄ | ၁,၀၀၁,၁၇၃,၄၇၄ | ၂,၀၀၂ | ၁,၀၀၁,၁၇၅,၄၇၆ |
| အသားတင်အရှုံး | - | (၇,၉၂၂,၀၇၆,၀၀၄) | (၇,၉၂၂,၀၇၆,၀၀၄) | (၁၀,၆၅၈,၅၅၃) | (၇,၉၃၂,၇၃၄,၅၅၇) |
| အမြတ်ဝေစုပေးငွေ | - | (၈၀,၅၉၉,၅၀၀) | (၈၀,၅၉၉,၅၀၀) | - | (၈၀,၅၉၉,၅၀၀) |
| **၂၀၂၃ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၃,၄၈၇,၉၉၀,၀၀၀** | **၁၃,၁၁၆,၉၁၁,၈၅၈** | **၁၆,၆၀၄,၉၀၁,၈၅၈** | **၉၆၄,၄၉၀,၂၁၈** | **၁၇,၅၆၉,၃၉၂,၀၇၆** |
| **၂၀၂၃ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်** | ၃,၄၈၇,၉၉၀,၀၀၀ | ၁၃,၁၁၆,၉၁၁,၈၅၈ | ၁၆,၆၀၄,၉၀၁,၈၅၈ | ၉၆၄,၄၉၀,၂၁၈ | ၁၇,၅၆၉,၃၉၂,၀၇၆ |
| ယခင်နှစ်၏ စာရင်းညှိနှိုင်းချက် | - | (၃၁၅,၉၄၄,၄၄၆) | (၃၁၅,၉၄၄,၄၄၆) | (၁,၄၂၉,၈၀၂) | (၃၁၇,၃၇၄,၂၄၈) |
| အသားတင်အရှုံး | - | (၄,၉၆၇,၆၁၉,၄၆၁) | (၄,၉၆၇,၆၁၉,၄၆၁) | (၁၅၈,၃၁၄,၃၄၂) | (၅,၁၂၅,၉၃၃,၈၀၃) |
| အမြတ်ဝေစုပေးငွေ | - | (၁၁၈,၀၀၀) | (၁၁၈,၀၀၀) | - | (၁၁၈,၀၀၀) |
| **၂၀၂၄ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၃,၄၈၇,၉၉၀,၀၀၀** | **၇,၈၃၃,၂၂၉,၉၅၁** | **၁၁,၃၂၁,၂၁၉,၉၅၁** | **၈၀၄,၇၄၆,၀၇၄** | **၁၂,၁၂၅,၉၆၆,၀၂၅** |

*ပူးတွဲပါရှိသော စာရင်းကိုင်မူဝါဒများနှင့် ရှင်းလင်းချက်မှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။*

## အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ

## ငွေသားစီးဆင်းမှုစုပေါင်းရှင်းတမ်း

## ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်အတွက်

| | | ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ် | ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက် ကျပ် |
|---|---|---|---|
| **လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| **အခွန်မလျာထားမီ အသားတင်အရှုံး** | | **(၅,၁၄၆,၅၈၀,၁၉၉)** | **(၇,၉၄၆,၉၂၅,၄၂၄)** |
| **စာရင်းညှိနှိုင်းချက်များ** | | | |
| တန်ဖိုးလျော့များ | | ၁,၄၀၄,၈၃၁,၅၉၆ | ၁,၇၉၂,၀၁၂,၀၇၂ |
| ပုံသေပိုင်ပစ္စည်း၏ညှိနှိုင်းချက် | | ၂,၃၈၀,၈၅၀ | ၁,၅၀၀,၀၀၀ |
| ဘဏ်တိုးမှရသော ဝင်ငွေ | | (၁,၀၉၈,၅၄၅) | (၁,၀၁၄,၂၅၀) |
| ချေးငွေအပေါ်အတိုးစရိတ် | | ၂,၉၀၈,၁၁၅,၄၈၁ | ၁,၈၆၃,၂၆၆,၂၄၀ |
| စာရင်းပယ်ဖျက်ခြင်း (ပုံသေပိုင်ပစ္စည်းနှင့် ကုန်လက်ကျန်) | | ၁,၀၀၂,၃၃၈ | ၂,၉၈၁,၇၄၂ |
| ကြွေးဆုံးလျာထားချက်များ | | (၁၉၄,၄၀၀) | ၅,၂၂၀,၆၁၀ |
| နိုင်ငံခြားငွေလဲလှယ်မှု ခြားနားချက်များ | | - | ၄,၃၂၀,၅၄၂,၉၂၁ |
| **လုပ်ငန်းလည်ပတ်ရင်းနှီးငွေပြောင်းလဲမှုမတိုင်ခင် လုပ်ငန်းဆောင်ရွက်ချက်မှ ဝင်ငွေစီးဆင်းမှုများ** | | **(၈၃၁,၅၄၂,၈၇၉)** | **၃၇,၅၈၃,၉၁၁** |
| **လုပ်ငန်းလည်ပတ်ရင်းနှီးငွေပြောင်းလဲမှု** | | | |
| ကုန်လက်ကျန်များ | | (၂,၉၂၆,၇၅၃) | ၃၇,၀၄၈,၂၁၃ |
| ကုန်သွယ်မှုနှင့်အခြားရရန်ရှိများ | | ၆၃,၆၇၀,၆၇၃ | ၂,၈၅၃,၉၉၂ |
| ကုန်သွယ်မှုနှင့်အခြားပေးရန်တာဝန်များ | | ၉၇,၆၂၆,၉၂၀ | ၇၈,၃၆၃,၈၇၂ |
| ပတ်သက်ဆက်နွယ်သူများထံသို့ပေးရန်ရှိများ | | (၄၉၉,၃၀၀,၇၅၉) | ၄၇၅,၁၆၄,၈၉၇ |
| လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသား(အသုံးပြုမှု)/စီးဝင်မှုများ | | **(၁,၁၇၂,၄၇၂,၇၉၈)** | **၆၃၁,၀၁၄,၈၈၅** |
| အတိုးပေးငွေ | | (၄,၈၀၀,၀၀၀) | (၄,၈၀၀,၀၀၀) |
| အခွန်ပြန်အမ်းခြင်း | | - | ၇,၂၄၁,၆၆၆ |
| ***လုပ်ငန်းဆောင်ရွက်ချက်များအရ အသားတင်ငွေသား (အသုံးပြုမှု) / စီးဝင်မှုများ*** | က | **(၁,၁၇၇,၂၇၂,၇၉၈)** | **၆၃၃,၄၅၆,၅၅၁** |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| ပုံသေပိုင်ပစ္စည်းများ ဝယ်ယူခြင်း | | (၂၇၆,၁၆၃,၈၄၇) | (၄၇,၉၀၆,၆၈၉) |
| ထိတွေ့ကိုင်တွယ်၍မရသောပိုင်ဆိုင်ပစ္စည်းများ ဝယ်ယူခြင်း | | (၁,၂၂၉,၈၀၀) | (၈,၆၇၅,၆၀၀) |
| အခြေပစ္စည်းရောင်းချခြင်းမှ ရငွေ | | ၂၆,၈၀၀,၀၀၀ | ၂၁,၂၀၀,၀၀၀ |
| လုပ်ငန်းတစ်ခုရောင်းချခြင်းမှ ရငွေ | | ၁,၄၀၃,၃၁၁,၉၆၄ | - |
| အတိုးရငွေများ | | ၁,၀၉၈,၅၄၅ | ၁,၀၁၄,၂၅၀ |
| ***ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ အသားတင်ငွေသား စီးဝင်မှု/ (အသုံးပြုမှု)များ*** | ခ | **၁,၁၅၃,၈၁၆,၈၆၂** | **(၃၄,၃၆၈,၀၃၉)** |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| အမြတ်ဝေစုပေးငွေ | | (၁၁၈,၀၀၀) | (၈၀,၅၉၉,၅၀၀) |
| ကာလတိုချေးငွေ ပြန်ဆပ်ခြင်း | | (၁၀,၀၀၀,၀၀၀) | - |
| ကာလရှည်မြေငှားရမ်းခြင်းအတွက် ပေးချေမှုများ | | (၁၀၂,၀၃၁,၄၀၀) | (၄၃၇,၇၇၀,၇၁၁) |
| ***ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ အသားတင်ငွေသား အသုံးပြုမှုများ*** | ဂ | **(၁၁၂,၁၄၉,၄၀၀)** | **(၅၁၈,၃၇၀,၂၁၁)** |
| **အသားတင်ငွေသား (အလျော့)/အတိုးများ** | (က+ခ+ဂ) | **(၁၃၅,၆၀၅,၃၃၆)** | **၈၀,၇၁၈,၃၀၁** |
| **ငွေသားနှင့်ငွေသားညီမျှခြင်း စာရင်းဖွင့်လက်ကျန်များ** | | ၁၇၄,၆၄၀,၁၅၀ | ၉၃,၉၂၁,၈၄၉ |
| **လုပ်ငန်းတစ်ခုရောင်းချခြင်းတွင် ပါဝင်သောငွေသား (မှတ်စု ၄)** | | (၇,၅၄၀,၄၇၂) | - |
| **ငွေသားနှင့်ငွေသားညီမျှခြင်း စာရင်းပိတ်လက်ကျန်များ** | | ၃၁,၄၉၄,၃၄၂ | ၁၇၄,၆၄၀,၁၅၀ |

*ပူးတွဲပါရှိသော စာရင်းကိုင်မူဝါဒများနှင့် ရှင်းလင်းချက်မှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။*

---

*ဤမှတ်စုများသည် အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ပူးတွဲပါရှိသော စုပေါင်းဘဏ္ဍာရေးအခြေအနေရှင်းတမ်းများနှင့် တွဲဖက်ဖတ်ရှုသင့်ပါသည်။*

## ၁။ အထွေထွေ သတင်းအချက်အလက်

အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အခြေစိုက်ဖွဲ့စည်းထားသော ကုမ္ပဏီဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ရက်နေ့တွင် မှတ်ပုံတင်အမှတ်-၁၀၀၄၅၆၁၂၅ (ယခင်မှတ်ပုံတင်အမှတ်-၁၅၆၃/၂၀၁၇-၂၀၁၈)ဖြင့် မှတ်ပုံတင်ခဲ့ပြီး ကုမ္ပဏီ၏လိပ်စာသည် အမှတ်-၁၀၊ အင်းလျားရိပ်သာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဖြစ်ပါ သည်။

အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ၂၀၂၂ ခုနှစ်၊ ဇွန်လ (၃)ရက်နေ့တွင် ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ခဲ့ပါသည်။

ကုမ္ပဏီ၏အဓိကစီးပွားရေးလုပ်ငန်းများမှာ အပန်းဖြေဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းနှင့် လူစီးမီးပုံးပျံ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ပါသည်။

ကုမ္ပဏီသည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့တွင် ယူနိုက်တက်အင်တာနေရှင်နယ်ဂရု(ပ်)လီမိတက်၏ အစုရှယ်ယာ-၉၉.၉၉ ရာခိုင်နှုန်းနှင့် မြန်မာဘလွန်းနင်းကုမ္ပဏီလီမိတက်၏အစုရှယ်ယာ ၅၁ ရာခိုင်နှုန်းကို ဝယ်ယူခဲ့ပါသည်။

ယူနိုက်တက်အင်တာနေရှင်နယ်ဂရု(ပ်)လီမိတက်သည် ၁၉၉၃ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အမတ အမှတ်တံဆိပ်ဖြင့် အပန်းဖြေဟိုတယ် အနားယူစခန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများကို စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိပါသည်။

ယူနိုက်တက်အင်တာနေရှင်နယ်ဂရု(ပ်)လီမိတက်မှ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ဟိုတယ်များမှာ-

(၁) Amata Resort and Spa-Ngapali

(၂) Amata Garden Resort-Inle

(၃) Amata Garden Resort-Bagan

(၄) My Bagan Residence by Amata

(၅) Amata Resort and Spa (Andaman) တို့ဖြစ်ပါသည်။

မြန်မာဘလွန်းနင်းကုမ္ပဏီလီမိတက်ကို ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး Oriental Ballooning အမှတ် တံဆိပ်ဖြင့် လူစီးမီးပုံးပျံလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ Oriental Ballooning သည် ပုဂံ၊ မန္တလေး၊ အင်းလေးနှင့် ငပလီကမ်းခြေတို့တွင် ပျံသန်းဆောင်ရွက်လျက်ရှိပါသည်။

ယခုနှစ်များတွင် Oriental Ballooning သည် ပုဂံဒေသတွင်သာ ပျံသန်းဆောင်ရွက်နိုင်ခဲ့ပါသည်။

## ၂။ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ ပြင်ဆင်ရေးဆွဲခြင်း၏ အခြေခံအချက်များ

### (က) လိုက်နာဆောင်ရွက်မှုအခြေအနေ

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြင်ဆင်ရေးဆွဲထားပါသည်။

### (ခ) တိုင်းတာမှုအခြေခံ

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို မူလကျသင့်ငွေ (historical cost) အပေါ်အခြေခံ၍ ပြင်ဆင်ရေးဆွဲထားပါသည်။

### (ဂ) ခန့်မှန်းခြေနှင့် ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ချက်များဆောင်ရွက်မှု

နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ ပြင်ဆင်ရေးဆွဲရာတွင် စီမံအုပ်ချုပ်သူများ၏ ဆင်ခြင်တုံတရားဖြင့်ဆုံးဖြတ်မှု၊ ခန့်မှန်းချက်များနှင့် ယူဆချက်များဖြင့် ဆောင်ရွက်ရန်လိုအပ်

ပါသည်။ ၎င်းတို့သည် စာရင်းကိုင်မူဝါဒများ၊ အစီရင်ခံဖော်ပြသော ရပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဝင်ငွေနှင့် အသုံးစရိတ်များအပေါ် သက်ရောက်မှုရှိစေပါသည်။ အမှန်ရလဒ်များသည်လည်း ထိုခန့်မှန်းချက်၊ ယူဆချက်များနှင့် ကွဲလွဲနိုင်ပါသည်။

ခန့်မှန်းချက်များ၊ အခြေခံယူဆချက်များကို စဉ်ဆက်မပြတ်ပြန်လည်သုံးသပ်ပြီး စာရင်းကိုင်ခန့်မှန်းခြေ ပြင်ဆင်ချက်များကို လက်ရှိစာရင်းကာလနှင့် နောင်ကာလများတွင် စာရင်းရေးသွင်းဆောင်ရွက်ပါသည်။

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို သိသာစွာသက်ရောက်မှုရှိစေသည့် စာရင်းကိုင်ခန့်မှန်းချက်များ၊ ဆုံးဖြတ်ချက်များ မရှိပါ။

**(ဃ) လုပ်ငန်းပေါင်းစည်းခြင်းအခြေခံများ**

**(၁) လက်အောက်ခံကုမ္ပဏီများ**

လက်အောက်ခံကုမ္ပဏီများဆိုသည်မှာ ယင်းကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုများမှ အကျိုးအမြတ်ရရှိစေသော ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ဘဏ္ဍာရေးမူဝါဒများ၊ လုပ်ငန်းဆောင်ရွက်မှုမူဝါဒများကို စီမံဆောင်ရွက်ခွင့်၊ ယေဘုယျအားဖြင့် ကုမ္ပဏီအုပ်စု၏ အစုရှယ်ယာပိုင်ဆိုင်မှုအရ ကုမ္ပဏီအုပ်စုသည် အဓိကမဲပေးဆုံးဖြတ်ခွင့်ရှိသည့် ကုမ္ပဏီများဖြစ်ပါသည်။ လက်အောက်ခံကုမ္ပဏီများအား ထိန်းချုပ်ခွင့်ကို ကုမ္ပဏီအုပ်စုသို့ လွှဲပြောင်းသည့်နေ့မှစ၍ ဘဏ္ဍာရေးရှင်းတမ်းများပေါင်းစပ်ရေးဆွဲခြင်းကို လုပ်ဆောင်ပါသည်။

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို ပြင်ဆင်ရေးဆွဲရာတွင် အုပ်စုဝင်ကုမ္ပဏီအချင်းချင်းကြား စာရင်းလုပ်ဆောင်ချက်များ၊ လက်ကျန်စာရင်းများနှင့် အမြတ်အစွန်းများကို နုတ်ပယ်၍ရေးဆွဲပါသည်။ လက်အောက်ခံကုမ္ပဏီများ၏ စာရင်းကိုင်မူဝါဒများကို ကုမ္ပဏီအုပ်စုက လက်ခံကျင့်သုံးသော မူဝါဒများ နှင့် တသမတ်တည်း ဖြစ်စေရန် လိုအပ်သလိုပြုပြင် ပြောင်းလဲထားပါသည်။

ကုမ္ပဏီအုပ်စုမှ ထိန်းချုပ်နိုင်မှုမရှိသောပိုင်ဆိုင်မှုများ (Non controlling interest) ဆိုသည်မှာ ကုမ္ပဏီ၏အစုရှယ်ယာရှင်များမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပိုင်ဆိုင်မှုမရှိသော လက်အောက်ခံကုမ္ပဏီများ၏ အသားတင်ရပိုင်ခွင့်နှင့် လုပ်ငန်းဆောင်ရွက်မှုမှ အသားတင်ရလဒ်များ ဖြစ်သည်။

ထိန်းချုပ်မှုမရှိသောပိုင်ဆိုင်မှုများ(**NCI**)ကို ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်းနှင့် ဝင်ငွေအလုံးစုံရှင်းတမ်းတို့တွင် သီးခြားဖော်ပြပါသည်။ စုစုပေါင်း ဝင်ငွေအလုံးစုံကို လက်အောက်ခံကုမ္ပဏီတွင် ကုမ္ပဏီအုပ်စုက မပိုင်ဆိုင်သော အစုရှယ်ယာပေါ် အခြေခံ၍ ထိန်းချုပ်မှုမရှိသောပိုင်ဆိုင်မှုများသို့ ခွဲဝေပါသည်။

**(၂) တွဲဖက်ကုမ္ပဏီများ**

တွဲဖက်ကုမ္ပဏီများဆိုသည်မှာ ကုမ္ပဏီအုပ်စုက ယင်းကုမ္ပဏီများအပေါ် သိသာအရေးပါစွာလွှမ်းမိုးနိုင်သော၊ ယေဘုယျအားဖြင့် ၂၀ ရာခိုင်နှုန်းနှင့်အထက် ၅၀ ရာခိုင်နှုန်းထက်မပိုသော ရှယ်ယာပိုင်ဆိုင်ခြင်းမှရရှိသည့် မဲပေးပိုင်ခွင့်ရှိသည့် ကုမ္ပဏီများဖြစ်သော်လည်း ထိန်းချုပ်ခွင့်မရှိပါ။

တွဲဖက်ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့်အသားတင်ရပိုင်ခွင့်မှ တန်ဖိုးကျဆုံးရှုံးမှု (Impairment loss) ကို နုတ်ပယ်၍ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများတွင် စာရင်းသွင်းဖော်ပြပါသည်။

**(၃) အသားတင်ရပိုင်ခွင့်နည်းလမ်းဖြင့် စာရင်းရေးသွင်းခြင်း**

အသားတင်ရပိုင်ခွင့်နည်းလမ်းဖြင့် စာရင်းရေးဆွဲရာတွင် တွဲဖက်ကုမ္ပဏီများတွင် ကနဦးရင်းနှီးမြှုပ်နှံမှုပြုပြီး နောက်ပိုင်းပေါ်ပေါက်လာသော အရှုံး၊ အမြတ်ဝေစုကို အရှုံးအမြတ်စာရင်းတွင် စာရင်းရေးသွင်းပြီး ၎င်းကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုနောက်ပိုင်းကာလတွင်ပေါ်ပေါက်သော အခြားဝင်ငွေအလုံးစုံကို အခြား

ဝင်ငွေအလုံးစုံအပိုင်းတွင် စာရင်းရေးသွင်းထားပါသည်။ ဝယ်ယူပြီးနောက်ပိုင်း တွဲဖက်ကုမ္ပဏီများထံမှ ခွဲဝေရရှိမှုများကို ရင်းနှီးမြှုပ်နှံမှုများ၏ သယ်ဆောင်တန်ဖိုးပေါ်တွင် စာရင်းညှိနှိုင်းပါသည်။ အခြားမည်သည့်လက်ငင်းမဟုတ်သော အာမခံမှုမရှိသည့် ရပိုင်ခွင့်များအပါအဝင် တွဲဖက်ကုမ္ပဏီတွင်ဖြစ်ပေါ်သည့် ကုမ္ပဏီအုပ်စု၏အရှုံးဝေစုသည် ရရှိမည့်အကျိုးအမြတ်နှင့် တူညီသောအခါတွင်လည်းကောင်း သို့မဟုတ် ကျော်လွန်သောအခါတွင်လည်းကောင်း၊ ကုမ္ပဏီအုပ်စုက ပေးရန်တာဝန်မရှိခဲ့လျှင် သို့မဟုတ် တွဲဖက်ကုမ္ပဏီ၏ ကိုယ်စားပေးချေမှု မပြုလုပ်ခဲ့လျှင် နောက်ထပ်အရှုံးများကို စာရင်းရေးသွင်းမည် မဟုတ်ပါ။

တွဲဖက်ကုမ္ပဏီများနှင့် ကုမ္ပဏီအုပ်စုအကြား စာရင်းလုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ အမှန်မပေါ်ပေါက်ခဲ့သော အမြတ်များ၊ ရပိုင်ခွင့်များနှင့် တန်ဖိုးကျမှုမရှိစေနိုင်သည့် အမှန်မပေါ်ပေါက်ခဲ့သော အရှုံးများကို စာရင်းမှဖယ်ပါသည်။ တွဲဖက်ကုမ္ပဏီများ၏ စာရင်းကိုင်မူဝါဒများကို ကုမ္ပဏီအုပ်စုက လက်ခံကျင့်သုံးသော မူဝါဒများနှင့် တသမတ်တည်းဖြစ်စေရန် လိုအပ်သလို ပြုပြင်ပြောင်းလဲထား ပါသည်။

### (၄) တွဲဖက်ကုမ္ပဏီတွင်ရင်းနှီးမြှုပ်နှံမှု

တွဲဖက်ကုမ္ပဏီတွင် အသားတင်ရပိုင်ခွင့်နည်းလမ်းဖြင့် စာရင်းရေးသွင်းနည်းအရ လုပ်ဆောင်မှုဈေးနှုန်း (လုပ်ဆောင်မှုကုန်ကျစရိတ်အပါအဝင်)ဖြင့် ကနဦးစာရင်းရေးသွင်းပါသည်။ ဝယ်ယူပြီးသည့်နေ့ နောက်ပိုင်းတွင်ဖြစ်ပေါ်လာသည့် ကုမ္ပဏီအုပ်စု၏ အမြတ်(သို့)အရှုံးဝေစုကို သယ်ဆောင်တန်ဖိုးတွင် အတိုးအလျှော့ပြုလုပ်၍ စာရင်းဖော်ပြပါသည်။ ကုမ္ပဏီအုပ်စုက အကျိုးအမြတ်ခွဲဝေရရှိသည့်အခါ သယ်ဆောင်တန်ဖိုးတွင် လျှော့ချပါသည်။

## ၃။ အရေးပါသော စာရင်းကိုင်မူဝါဒများ

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ ပြင်ဆင်ရေးဆွဲရာတွင် အောက်ဖော်ပြပါ ချမှတ်ထားသည့် စာရင်းကိုင်မူဝါဒများကို နှစ်စဉ်အပြောင်းအလဲမရှိ တသမတ်တည်း လိုက်နာကျင့်သုံးပါသည်။

### (က) နိုင်ငံခြားငွေကြေးကို ပြောင်းလဲသတ်မှတ်ခြင်း

ကုမ္ပဏီအုပ်စုသည် စာရင်းမှတ်တမ်းများကို မြန်မာကျပ်ငွေဖြင့် ရေးသွင်းဖော်ပြပါသည်။ ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းဆောင်တာ ဆောင်ရွက်သောငွေကြေးမှာ မြန်မာကျပ်ငွေဖြစ်ပြီး စာရင်းဖော်ပြသည့် ငွေကြေးမှာလည်း မြန်မာကျပ်ငွေဖြစ်ပါသည်။

နိုင်ငံခြားငွေဖြင့်ဆောင်ရွက်သော စာရင်းလုပ်ဆောင်ချက်များအတွက် ကုမ္ပဏီအုပ်စုမှသတ်မှတ်သော လစဉ်ငွေလဲလှယ်နှုန်းဖြင့် ပြောင်းလဲဖော်ပြပါသည်။

ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်နေ့ရှိ နိုင်ငံခြားငွေနှင့်ဖော်ပြထားသည့် ငွေကြေးဆိုင်ရာ ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များကို အမေရိကန် ၁ ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၂၁၀၀ နှုန်းဖြင့် လုပ်ငန်းဆောင်ရွက်သော ငွေကြေးအဖြစ်သို့ ပြောင်းလဲဖော်ပြပါသည်။

နိုင်ငံခြားငွေဖြင့် ဆောင်ရွက်သော စာရင်းလုပ်ဆောင်ချက်များ စာရင်းရှင်းလင်းရာတွင်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်ဖော်ပြသည့် ငွေကြေးဆိုင်ရာ ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များကို ပြောင်းလဲသတ်မှတ်ရာတွင်လည်းကောင်း ဖြစ်ပေါ်လာသည့် ငွေကြေးပြောင်းလဲမှုခြားနားချက်များကို အရှုံးအမြတ်စာရင်းနှင့် အခြားဝင်ငွေအလုံးစုံ ဝင်ငွေဖော်ပြချက်စာရင်းတွင် စာရင်းသွင်းဖော်ပြပါသည်။

### (ခ) ငွေနှင့်ငွေသားညီမျှခြင်းများ

ဘဏ္ဍာရေးအခြေအနေပြစုပေါင်းရှင်းတမ်းတွင် ဖော်ပြထားသော ငွေနှင့်ငွေသားညီမျှခြင်းများတွင် လက်ဝယ်ရှိငွေသားလက်ကျန်နှင့် ဘဏ်စာရင်းလက်ကျန်တို့ ပါဝင်ပါသည်။

**(ဂ) ကုန်သွယ်မှုနှင့်အခြားရရန်ရှိများ**

ကုန်သွယ်မှုနှင့် အခြားရရန်ရှိစာရင်းများကို ပြေစာတန်ဖိုးမှ ကြွေးဆုံးလျာထားချက်ကိုနုတ်ပယ်၍ ဖော်ပြပါသည်။ ကြွေးဆုံးလျာထားချက်ကို ဘဏ္ဍာနှစ်ကုန်ဆုံးသောနေ့ရှိ ၃၆၅ ရက်နှင့်အထက် ကျော်လွန်သော ကုန်သွယ်မှုနှင့် အခြားရရန်ရှိများအပေါ် ၁၀ ရာခိုင်နှုန်း လျာထားရန်သတ်မှတ်ထားပါသည်။

**(ဃ) ကုန်လက်ကျန်**

ကုန်လက်ကျန်တန်ဖိုးများကို မူလကုန်ကျငွေနှင့် ရောင်းချလျှင်ရနိုင်မည့်အသားတင်ရောင်းရငွေ တန်ဖိုးနှစ်ခု အနက် နည်းရာပမာဏဖြင့် တန်ဖိုးသင့်ပါသည်။

ကုန်ကျငွေတွက်ချက်ရာတွင် ဝယ်ယူစရိတ်၊ လက်ရှိအခြေအနေသို့ ရောက်ရှိစေရန် ပြုပြင်ပြောင်းလဲစရိတ်၊ သယ်ယူပို့ဆောင်စရိတ်နှင့် အခြားကုန်ကျစရိတ်များပါဝင်ပြီး အရင်ဝင်အရင်ထွက်နည်းလမ်း (First in first out)ကို အသုံးပြုပါသည်။

ရောင်းချလျှင်ရနိုင်မည့် အသားတင်ရောင်းရငွေ တန်ဖိုးဆိုသည်မှာ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် ခန့်မှန်း အရောင်းတန်ဖိုးမှ ကုန်ပစ္စည်းအတွက် နောက်ထပ်ကုန်ကျငွေနှင့် ရောင်းလျှင်ကုန်ကျမည့် အရောင်းကုန်ကျစရိတ်တို့ကို နုတ်၍ရသော အသားတင်တန်ဖိုးဖြစ်သည်။

**(င) ပုံသေပိုင်ပစ္စည်း**

**ပိုင်ဆိုင်သောပစ္စည်း**

အဆောက်အဦးမှတပါး ပုံသေပိုင်ပစ္စည်းများကို မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့လျာထားစရိတ်နှင့် တန်ဖိုး ကျ၍ဆုံးရှုံးစရိတ်တို့ကိုနုတ်၍ အသားတင်တန်ဖိုးဖြင့်စာရင်းဖော်ပြပါသည်။ မူရင်းတန်ဖိုးတွင် ပစ္စည်းရယူရာ၌ တိုက်ရိုက်ပါဝင်သည့် ကုန်ကျစရိတ်များ ပါဝင်ပါသည်။ ကိုယ်တိုင်တည်ဆောက်သောပစ္စည်းများတွင် ကုန်ကြမ်း ဝယ်ယူစရိတ်၊ တိုက်ရိုက်လုပ်အားခနှင့် အသုံးပြုလိုသည့် အနေအထားသို့ ရောက်ရှိအောင် ဆောင်ရွက်ခဲ့ရသော တိုက်ရိုက်ကုန်ကျစရိတ်များ၊ မူလအခြေအနေသို့ ရောက်အောင်ပြန်လည်ထိန်းသိမ်းရမည့်စရိတ်၊ ဖယ်ရှားစရိတ်၊ ပစ္စည်းရယူရာတွင်အသုံးပြုခဲ့သည့် ချေးငွေပေါ်အတိုး၊ စက်ပစ္စည်း၏အစိတ်အပိုင်းအဖြစ် စက်ပစ္စည်းလည်ပတ်စေရန် ဝယ်ယူခဲ့သော Software တန်ဖိုးတို့ ပါဝင်ပါသည်။

အသုံးဝင်သက်တမ်း မတူညီသော ပုံသေပိုင်ပစ္စည်းအမျိုးအစားများကို သီးခြားစီ စာရင်းရေးသွင်းဖော်ပြပါသည်။ ပုံသေပိုင်ပစ္စည်းရောင်းရငွေနှင့် ပုံသေပိုင်ပစ္စည်းသယ်ဆောင်တန်ဖိုးတို့ နှိုင်းယှဉ်၍ရရှိလာသော ပုံသေပိုင်ပစ္စည်း ရောင်းရငွေအပေါ်အသားတင် အရှုံး/အမြတ်ကို အရှုံးအမြတ်စာရင်းတွင် စာရင်းသွင်းဖော်ပြပါသည်။

**တန်ဖိုးပြန်လည်သတ်မှတ်ထားသော ပစ္စည်းများ**

ဘဏ္ဍာရေးနှစ် ကုန်ဆုံးသောနေ့တွင် ပုံသေပိုင်ပစ္စည်း၏ စာရင်းသယ်ဆောင်တန်ဖိုးနှင့် သင့်တင့်သောတန်ဖိုး (fair value) သည် သိသိသာသာခြားနားခြင်း မရှိစေရန် လုံလောက်သောပုံမှန်နှုန်းဖြင့် လွတ်လပ်သောရာဖြတ် ပညာရှင်များက တန်ဖိုးပြန်လည်သတ်မှတ်ခြင်းကို ဆောင်ရွက်ပါသည်။

ပုံသေပိုင်ပစ္စည်း တန်ဖိုးပြန်လည်သတ်မှတ်ခြင်းမှ တန်ဖိုးတက်လာခြင်းအတွက် အခြားဝင်ငွေအလုံးစုံနှင့် အသားတင်ရပိုင်ခွင့်တွင် တန်ဖိုးတိုးမြှင့်မှုရန်ပုံငွေအနေဖြင့် စာရင်းဖော်ပြပါသည်။

ယင်းပုံသေပိုင်ပစ္စည်းသည် ယခင်ကတန်ဖိုးကျသဖြင့် အရှုံးအမြတ်စာရင်းတွင် စာရင်းဖော်ပြခဲ့ပါက လက်ရှိနှစ်၏ အရှုံးအမြတ်စာရင်း၌ ခုနှိမ်ဖော်ပြပါသည်။

ယင်းပုံသေပိုင်ပစ္စည်းသည် တန်ဖိုးလျော့ကျလျှင် ယခင်ကတန်ဖိုးတက်သဖြင့် အခြားဝင်ငွေအလုံးစုံတွင် ဖော်ပြခဲ့ သောပမာဏထက် ကျော်လွန်သည့်ပမာဏကို အရှုံးအမြတ်စာရင်းတွင် စာရင်းသွင်းဖော်ပြပါသည်။

တန်ဖိုးပြန်လည်သတ်မှတ်ထားသည့် ပုံသေပိုင်ပစ္စည်းများ ရောင်းချခြင်းနှင့် စပ်လျဉ်း၍ ယင်းပစ္စည်းနှင့်သက်ဆိုင်သော တန်ဖိုးတိုးမြှင့်ရန်ပုံငွေများကို ရောင်းရငွေပေါ်အမြတ် (သို့) အရှုံးတွက်ချက်ရာတွင် ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ အမြတ်လက်ကျန်သို့ တိုက်ရိုက်ပြောင်းရွှေ့ပါသည်။

**နောက်ဆက်တွဲကုန်ကျစရိတ်**

ပုံသေပိုင်ပစ္စည်းအမျိုးအစားများရှိ အစိတ်အပိုင်းတစ်ခု၏ အစားထိုးကုန်ကျစရိတ်ကို တိတိကျကျတိုင်းတာနိုင်လျှင်သော်လည်းကောင်း၊ ပစ္စည်းနှင့်သက်ဆိုင်သည့် စီးပွားရေးဆိုင်ရာအကျိုးအမြတ်သည် အနာဂတ်တွင် ကုမ္ပဏီသို့စီးဝင်နိုင်သည့် အလားအလာရှိလျှင်သော်လည်းကောင်း ပစ္စည်း၏သယ်ဆောင်တန်ဖိုးတွင် စာရင်းသွင်းဖော်ပြပါသည်။

အစားထိုးခံရသောပစ္စည်း၏ သယ်ဆောင်တန်ဖိုးကို စာရင်းမှနုတ်ပယ်ပါသည်။ ပုံသေပိုင်ပစ္စည်း ပြင်ဆင်ထိန်းသိမ်းစရိတ်များကို ကျခံသည့်နှစ်၏ အရှုံးအမြတ်စာရင်းတွင် စာရင်းသွင်းဖော်ပြပါသည်။

**တန်ဖိုးလျော့လျာထားခြင်း**

ပုံသေပိုင်ပစ္စည်း၏ ကုန်ကျစရိတ် (သို့) အခြားအစားထိုးကုန်ကျစရိတ်ဖြစ်သောတန်ဖိုးလျှော့ချနိုင်သည့် ပမာဏအပေါ်တွင်အခြေခံ၍ တန်ဖိုးလျော့လျာထားခြင်းကို တွက်ချက်ပါသည်။

ပုံသေပိုင်ပစ္စည်းအမျိုးအစားများရှိ အစိတ်အပိုင်းတစ်ခုချင်းစီ၏ ခန့်မှန်းအသုံးဝင်သက်တမ်းအပေါ် အခြေခံ၍ မျဉ်းဖြောင့်နည်းဖြင့် (straight-line basis) တွက်ချက်ပြီး အရှုံးအမြတ်စာရင်းတွင် ကျခံပါသည်။

ခန့်မှန်းအသုံးဝင်သက်တမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | **အသုံးဝင်သက်တမ်း** |
|---|---|
| အဆောက်အဦး | ၆၀,၅၈,၅၆,၄၉,၂၀ နှစ် |
| လူစီးမီးပုံးပျံ (၁၅လုံး) | ၇ နှစ် |
| စက်နှင့် စက်ကိရိယာ | ၅ နှစ် |
| ပရိဘောဂ | ၅ နှစ် |
| ရုံးသုံးစက်ကိရိယာ | ၃ နှစ် |
| မော်တော်ယာဉ် | ၅ နှစ် |
| လုပ်ငန်းသုံးကိရိယာပစ္စည်း | ၃ နှစ် |

တန်ဖိုလျော့တွက်နည်း၊ အသုံးဝင်သက်တမ်းများနှင့် ကြွင်းကျန်တန်ဖိုး (residual value) များကို ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ညှိနှိုင်းပြင်ဆင်မှုများ လုပ်ဆောင်ပါသည်။ အဆောက်အဦးများ၏ အသုံးဝင်သက်တမ်းမှာ မြေငှားရမ်းမှု သဘောတူညီချက်ပါ သက်တမ်းများအတိုင်း ဖြစ်ပါသည်။

**(စ) ထိတွေ့ကိုင်တွယ်၍မရသော ပစ္စည်းများ**

ထိတွေ့ကိုင်တွယ်၍မရသော ပစ္စည်းများကို မူရင်းကုန်ကျစရိတ်မှ စုစုပေါင်းတန်ဖိုးလျော့လျာထားစရိတ်နှင့် တန်ဖိုးကျ၍ဆုံးရှုံးစရိတ်တို့ကိုနုတ်၍ စာရင်းသွင်းဖော်ပြပါသည်။ ထိတွေ့ကိုင်တွယ်၍ မရသောပစ္စည်းများကို စတင်အသုံးပြုနိုင်သည့်နေ့မှစ၍ ခန့်မှန်းသက်တမ်း ၃ နှစ်အပေါ် အခြေခံ၍မျဉ်းဖြောင့်နည်းဖြင့် (straight-line basis) တန်ဖိုးလျော့လျာထားပါသည်။

**(ဆ)** **နာမည်ကောင်းတန်ဖိုး** (Goodwill)

နာမည်ကောင်းတန်ဖိုးမှာ လက်အောက်ခံကုမ္ပဏီကို ဝယ်ယူရသောအဖိုးစားနားနှင့် ထိန်းချုပ်နိုင်မှုမရှိသော ပိုင်ဆိုင်မှုတို့၏ စုစုပေါင်းတန်ဖိုးသည် ယင်းကုမ္ပဏီ၏ စုစုပေါင်းအသားတင်ရပိုင်ခွင့် ထက်ပိုသောပမာဏဖြစ်ပြီး မူလကုန်ကျစရိတ် (cost) ဖြင့် တိုင်းတာဖော်ပြပါသည်။

ရယူထားသော အသားတင်ရပိုင်ခွင့်၏ကာလတန်ဖိုးသည် ပေးအပ်ရသောအဖိုးစားနားထက်ပိုနေလျှင် ထိုပိုနေသည့်ပမာဏကို အမြတ်အဖြစ် အရှုံးအမြတ်စာရင်းတွင် စာရင်းရေးသွင်းပါသည်။

**(ဇ)** **ငှားရမ်းမှုများ**

ငှားရမ်းသူသည် ငှားရမ်းခြင်းခံရသူထံသို့ သဘောတူညီထားသည့် ကာလတစ်ခုအတွင်း ပိုင်ဆိုင်ပစ္စည်းအသုံးပြုခွင့်အတွက် တလုံးတခဲတည်းငွေပေးချေမှု (သို့) အရစ်ကျငွေပေးချေမှုတို့ကို သဘောတူထားသည့် သဘောတူညီချက် တစ်ခုဖြစ်ပါသည်။

***ဘဏ္ဍာရေးအရ ငှားရမ်းခြင်း(Finance lease)***

ရပိုင်ခွင့်တစ်ခု၏ ပိုင်ဆိုင်ခွင့်အတွက် ယင်းနှင့်သက်ဆိုင်သော အန္တရာယ်များ၊ အကျိုးအမြတ်အားလုံးကို အလုံးစုံလွှဲပြောင်းပေးသည့် ငှားရမ်းမှုပုံစံဖြစ်ပြီး နောက်ဆုံးတွင် ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းကောင်းလွှဲပြောင်းနိုင်သည်။

***လုပ်ငန်းဆောင်ရွက်ရေး ငှားရမ်းခြင်း (Operating lease)***

ဘဏ္ဍာရေးအရငှားရမ်းခြင်း မဟုတ်သော ငှားရမ်းမှုပုံစံသည် Operating lease လုပ်ငန်းဆောင်ရွက်ရေးငှားရမ်းခြင်းဖြစ်သည်။

**ငှားရမ်းခြင်းခံရသူအနေဖြင့်**

ငှားရမ်းခြင်းခံရသူအနေဖြင့် ဘဏ္ဍာရေးအရငှားရမ်းထားသော မြေ၊ အဆောက်အဦးကို စတင်ငှားရမ်းသည့်နေ့တွင် အနည်းဆုံးပေးချေရမည့် ငှားရမ်းခ၏ကာလတန်ဖိုးဖြင့် မတည်စရိတ်အဖြစ် စာရင်းဖော်ပြပါသည်။

ငှားရမ်းခပေးချေမှုကို ပေးရန်တာဝန်၏လက်ကျန်ပမာဏအပေါ် ပုံသေအတိုးနှုန်းဖြင့် အတိုးကျသင့်ငွေနှင့် ငှားရမ်းခပေးရန်တာဝန်လျှော့ချငွေတို့ကို အချိုးကျခွဲဝေပါသည်။ အတိုးကျသင့်ငွေကို အရှုံးအမြတ်စာရင်းတွင် စာရင်းကျခံပါသည်။

ငှားရမ်းထားသော မြေ၊ အဆောက်အဦးကို ငှားရမ်းသည့်ကာလကုန်ဆုံးပြီးနောက် ကုမ္ပဏီကပိုင်ဆိုင်ခွင့်မရရှိလျှင် ယင်းပစ္စည်း၏ ခန့်မှန်းအသုံးဝင်သက်တမ်းနှင့် ငှားရမ်းသည့်ကာလတို့ နှစ်ခုအနက် နည်းရာကာလအပေါ်တန်ဖိုးလျှော့ လျာထားပါသည်။

လုပ်ငန်းဆောင်ရွက်ရေး ငှားရမ်းခပေးချေမှုကို ငှားရမ်းသည့်ကာလအပေါ် မျဉ်းဖြောင့်နည်းဖြင့် (straight-line basis) တွက်ချက်၍ လုပ်ငန်းအသုံးစရိတ်အဖြစ် အရှုံးအမြတ်စာရင်းတွင် စာရင်းဖော်ပြပါသည်။

**(ဈ)** **ကုန်သွယ်မှုနှင့် အခြားပေးရန်တာဝန်များ**

ကုန်သွယ်မှုနှင့် အခြားပေးရန်တာဝန်များကို မူရင်းကုန်ကျစရိတ်ဖြင့် ဖော်ပြပါသည်။

**(ည)** **မတည်ရင်းနှီးငွေ**

**သာမန်အစုရှယ်ယာ**

သာမန်အစုရှယ်ယာများကို အသားတင်ရပိုင်ခွင့်အဖြစ် အမျိုးအစားသတ်မှတ်ပါသည်။ သာမန်အစုရှယ်ယာထုတ်ဝေရာတွင် တိုက်ရိုက်ကုန်ကျစရိတ်များနှင့် ရှယ်ယာရွေးချယ်ခွင့်များ၏ အခွန်နုတ်ပယ်ပြီး အသားတင်ပမာဏကို အသားတင်ရပိုင်ခွင့်တွင် လျှော့ချ၍ စာရင်းဖော်ပြပါသည်။

**(ဋ)** **ဝင်ငွေ**

ဝင်ငွေကို ကုန်ရောင်းလျှော့ဈေးနုတ်ပယ်ပြီး ကုန်သွယ်လုပ်ငန်းခွန်မပါ အသားတင်ရောင်းရငွေဖြင့် စာရင်းဖော်ပြပါသည်။

**ဟိုတယ်လုပ်ငန်းမှရငွေ**

အခန်းငှားခကို အခန်းငှားရမ်းရသည့်အခါတွင်လည်းကောင်း၊ အစားအသောက်နှင့် အဖျော်ယမကာများကို ရောင်းချပြီးသည့်အခါတွင်လည်းကောင်း၊ ဝန်ဆောင်မှုကို ဆောင်ရွက်ပြီးသည့်အခါတွင်လည်းကောင်း ဟိုတယ်လုပ်ငန်းမှရငွေအဖြစ် စာရင်းဖော်ပြပါသည်။

**လူစီးမီးပုံးပျံ ပျံသန်းခြင်းမှရငွေ**

မီးပုံးပျံစီးနင်းခနှင့် ဆက်စပ်ဝန်ဆောင်မှုများမှရငွေကို ဝန်ဆောင်မှုဆောင်ရွက်ပြီးသည့်အခါ အရှုံးအမြတ်စာရင်းတွင် စာရင်းဖော်ပြပါသည်။

**(ဌ)** **ငှားရမ်းခပေးချေမှု**

လုပ်ငန်းဆောင်ရွက်ရေးငှားရမ်းခ ပေးချေမှုကို ငှားရမ်းသည့်ကာလအပေါ် မျဉ်းဖြောင့်နည်းဖြင့်(straight-line basis) တွက်ချက်၍ လုပ်ငန်းအသုံးစရိတ်အဖြစ် အရှုံးအမြတ်စာရင်းတွင် စာရင်းဖော်ပြပါသည်။

ပေးရနိုင်ချေရှိသည့် ငှားရမ်းခများအတွက် ငှားရမ်းသည့်ကာလ အတည်ဖြစ်သောအခါတွင် လက်ကျန်ကာလအပေါ် အနည်းဆုံးပေးချေရမည့် ငှားရမ်းခကိုပြင်ဆင်၍ စာရင်းဖော်ပြပါသည်။

**(ဍ)** **ဝင်ငွေခွန်**

ဝင်ငွေခွန်အသုံးစရိတ်တွင် သက်ဆိုင်ရာစာရင်းကာလအတွက် ပေးသွင်းရမည့်ကျသင့်ဝင်ငွေခွန်နှင့် ရွှေ့ဆိုင်းထားသောအခွန်တို့ပါဝင်ပါသည်။ စီးပွားရေးလုပ်ငန်းပေါင်းစပ်ခြင်းနှင့်သက်ဆိုင်သော ကျသင့်ခွန်များ (သို့မဟုတ်) အသားတင်ရပိုင်ခွင့်တွင် တိုက်ရိုက်စာရင်းဖော်ပြသော အမျိုးအစားများနှင့် သက်ဆိုင်သောအခွန်များမှတပါး ဝင်ငွေခွန်ကို အရှုံးအမြတ်စာရင်းတွင် ဖော်ပြပါသည်။

သက်ဆိုင်ရာစာရင်းကာလအတွက် ကျသင့်ဝင်ငွေခွန်ဆိုသည်မှာ စာရင်းကာလအတွက် အခွန်စည်းကြပ်ထိုက်သည့်ဝင်ငွေ (သို့) အရှုံးအပေါ်တွင် ပေးရန်ရှိသည့် (သို့) ရရန်ရှိသည့် အခွန်ဖြစ်ပါသည်။

ကျသင့်ဝင်ငွေခွန်ကို စာရင်းကာလအတွက် ပြဋ္ဌာန်းထားသည့် အခွန်နှုန်းဖြင့်တွက်ချက်ပါသည်။ ထိုပြင်ယခင်နှစ်နှင့် သက်ဆိုင်သော ပေးရန်ရှိအခွန်များ ညှိနှိုင်းချက်များလည်း တွက်ချက်မှုတွင် ပါဝင်ပါသည်။

ရွှေ့ဆိုင်းထားသောအခွန်ဆိုသည်မှာ ဘဏ္ဍာရေးအစီရင်ခံခြင်း ရှုထောင့်မှတွက်ချက်ထားသည့် ရရန်ပိုင်ခွင့်၊ ပေးရန်တာဝန်များ၏ အသားတင်ပမာဏနှင့် အခွန်ရှုထောင့်မှ တွက်ချက်ထားသော ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်တို့ကြား ယာယီခြားနားချက်ကြောင့် ဖြစ်ပေါ်လာသည့် အခွန်ဖြစ်သည်။ ရွှေ့ဆိုင်းအခွန်ကို အောက်ဖော်ပြပါခြားနားချက်များအတွက် စာရင်းသွင်းဖော်ပြခြင်းမပြုပါ။

- နာမည်ကောင်းတန်ဖိုးကို ကနဦးစာရင်းသွင်းခြင်း
- စီးပွားရေးလုပ်ငန်းပေါင်းစပ်ခြင်းမဟုတ်သည့် ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များ ကနဦးစာရင်းသွင်းခြင်း
- အခွန်စည်းကြပ်သည့် ဝင်ငွေ (သို့) အရှုံးကို လည်းကောင်း၊ စာရင်းအရ အမြတ်(သို့) အရှုံးကိုလည်းကောင်း သက်ရောက်မှုမရှိသည့် စာရင်းလုပ်ဆောင်ချက်များ

သက်ဆိုင်ရာကာလအတွက် ပေးသွင်းရမည့်အခွန်နှင့် ရွှေ့ဆိုင်းအခွန်တို့ကို သတ်မှတ်ရာတွင် ကုမ္ပဏီအုပ်စုသည် မသေချာသောအခွန်အနေအထားများ၏ သက်ရောက်မှုနှင့် နောက်ထပ်အခွန်များ၊ အတိုးများ ပေးရနိုင်ချေရှိမရှိ ထည့်သွင်းစဉ်းစားပါသည်။

အခွန်ဥပဒေပါ အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ ယခင်နှစ်အတွေ့အကြုံများအပါအဝင် အချက်အလက်များစွာကို အကဲဖြတ်ထားမှုအပေါ်အခြေခံ၍ အခွန်ပေးရန်လျာထားမှုများအတွက် လုံလောက်မှုရှိကြောင်း ကုမ္ပဏီအုပ်စုက ယုံကြည်ပါသည်။ ယင်းအကဲဖြတ်ချက်များသည် ခန့်မှန်းခြေများ၊ ယူဆချက်များအပေါ်မူတည်၍ အနာဂတ်ကာလဖြစ်ရပ်များအတွက် ဆင်ခြင်တုံတရားဖြင့် စဉ်းစားဆုံးဖြတ်ချက်များ ပါဝင်နိုင်ပါသည်။ ရရှိလာသောသတင်းအချက်အလက်များကြောင့် လက်ရှိအခွန်ပေးရန်တာဝန်လျာထားမှုနှင့် ပတ်သတ်ပြီး ဆုံးဖြတ်ချက်များ ပြောင်းလဲနိုင်ပါသည်။

ရွှေ့ဆိုင်းထားသောရရန်ရှိသောအခွန်များကို ယာယီခြားနားချက်ကိုအသုံးပြုနိုင်သည့် အခွန်စည်းကြပ်ထိုက်သော ဝင်ငွေရှိနိုင်မှသာ စာရင်းဖော်ပြပါသည်။ ရွှေ့ဆိုင်းထားသော ရရန်ရှိသောအခွန်များကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် ပြန်လည်သုံးသပ်ပြီး ယင်းနှင့်ဆက်စပ်နေသည့် အခွန်အကျိုးအမြတ်ရရှိနိုင်သည့်အလားအလာမရှိတော့လျှင် စာရင်းမှလျှော့ချပါသည်။

**(ဃ) ဘဏ္ဍာရေးဆိုင်ရာ ရပိုင်ခွင့်များ တန်ဖိုးကျခြင်း**

ကုမ္ပဏီအုပ်စုသည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်နေ့တွင် ယင်း၏ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့်များကို တန်ဖိုးကျစေသည့် သိသာထင်ရှားသောအထောက်အထားရှိ/မရှိ အကဲဖြတ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့်များကို ကနဦးစာရင်းသွင်းပြီးနောက် ဖြစ်ပေါ်လာသည့် ဖြစ်ရပ်(သို့) တစ်ခုထက်ပိုသောဖြစ်ရပ်များကြောင့် တန်ဖိုးကျစေနိုင်ကြောင်း သိသာထင်ရှားသောအထောက်အထား ရှိလျှင်သော်လည်းကောင်း၊ ထိုဖြစ်ရပ်များသည် ဘဏ္ဍာရေးဆိုင်ရာ ရပိုင်ခွင့်များမှ ငွေသားစီးဝင်မှုကို သက်ရောက်မှုရှိစေနိုင်ပြီး ယင်းသက်ရောက်မှုကို ယုံကြည်စိတ်ချရစွာ ခန့်မှန်းနိုင်လျှင်သော်လည်းကောင်း ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့်သည် တန်ဖိုးကျဆင်းစေပြီး ယင်းတန်ဖိုးကျဆင်းမှုကို စာရင်းတွင်ဖော်ပြပါသည်။

**(ဏ) ပတ်သက်ဆက်နွှယ်သော အဖွဲ့အစည်းများ**

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ ပြင်ဆင်ရေးဆွဲရန် ရည်ရွယ်ချက်ဖြင့် ကုမ္ပဏီအုပ်စုသည် အဖွဲ့အစည်းတစ်ခု၏ ဘဏ္ဍာရေးနှင့် လုပ်ငန်းဆောင်ရွက်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်သည့်အပေါ် သိသာအရေးပါစွာ လွှမ်းမိုးခွင့်ရှိလျှင်သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိန်းချုပ်ခွင့် သို့မဟုတ် ဖက်စပ်ထိန်းချုပ်ခွင့်ရှိလျှင်သော်လည်းကောင်း ယင်းအဖွဲ့အစည်းသည် ကုမ္ပဏီအုပ်စုနှင့် ဆက်နွှယ်ပတ်သက်သော အဖွဲ့အစည်းများဖြစ်သည်။ ကုမ္ပဏီအုပ်စုနှင့် ဆက်နွှယ်ပတ်သက်သော အဖွဲ့အစည်းများသည် တစ်ဦးချင်းပုဂ္ဂိုလ် များဖြစ်နိုင်ပြီး ကုမ္ပဏီအဖွဲ့အစည်းများလည်း ဖြစ်နိုင်ပါသည်။ ဆက်နွှယ်ပတ်သက်သောအဖွဲ့အစည်းများနှင့် ဆက်နွှယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| **အမည်** | **ဆက်နွှယ်မှုပုံစံ** |
|---|---|
| ယူနိုက်တက်အင်တာနယ်ရှင်နယ်ဂရု(ပ်)လီမိတက် | လက်အောက်ခံကုမ္ပဏီ |
| မြန်မာဘလွန်းနင်းကုမ္ပဏီလီမိတက် | လက်အောက်ခံကုမ္ပဏီ |
| အမတ အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် | လက်အောက်ခံကုမ္ပဏီနှင့် ဆက်စပ်ကုမ္ပဏီ |
| အဝက်ဟိုး(လ်)ဒင်းကုမ္ပဏီလီမိတက် | လက်အောက်ခံကုမ္ပဏီနှင့် ဆက်စပ်ကုမ္ပဏီ |
| ဦးဝင်းအောင် | မန်နေးဂျင်းဒါရိုက်တာ |

စာရင်းလုပ်ဆောင်ချက် သီးသန့်အမျိုးအစားများအတွက် ဈေးနှုန်းမူဝါဒမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| **စာရင်းလုပ်ဆောင်ချက်** | **ဈေးနှုန်းမူဝါဒ** |
|---|---|
| မြေငှားရမ်းမှု | စာချုပ်ပါသဘောတူညီထားသောဈေးနှုန်း |

၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် သိသာထင်ရှားသော စာရင်းလုပ်ဆောင်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | **၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်** | **၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက်** |
|---|---|---|
| | ကျပ် | ကျပ် |
| ဆက်နွှယ်သောအဖွဲ့အစည်းထံမှ ရရန်ရှိ | ၃၉,၇၆၈,၈၈၀ | - |
